မြတ်ငြိမ်း

# ဘာကြောင့် ဒီလောက် တုံးနေသလဲ

Why So Stupid?

EDWARD DE BONO

လူသား မျိုးနွယ်သည် ဘာကြောင့်
ဟုတ်တိပတ်တိ စဉ်းစားတွေးခေါ်ခြင်း၊
မပြုသည့် အကြောင်း ...

# စကားဦး

တွေးခေါ်ခြင်းအကြောင်း သင် စဉ်းစားပါသလား မစဉ်းစား မတွေးခေါ်ဖို့ အလားအလာ များ ပါသည် ။ လူအများ စုသည် တွေးခေါ်ခြင်း အကြောင်း မစဉ်းစားပါ။ မတွေးခေါ်ပါ။ သင် လမ်းလျှောက်သည် ။ အစာ စားသည် ။ အိပ်သည် ။ ချောင်းဆိုးသည် ။ စဉ်းစားသည် ။ ၎င်းကိစ္စများ သည် စဉ်းစားနေဖို့ မလို။ တွေးခေါ်နေဖို့ မလို။ သင် ဘာလုပ်ချင်သလဲ။ လုပ်ချင်တာကို ဆုံးဖြတ်သည် ။ သင်လုပ်ချင်သည့် ကိစ္စကို ဘယ်လို လုပ်လေ့ လုပ်ထ ရှိသလဲဆိုတာ သင့်မှတ်ဉာဏ်ထဲတွင် ရှာဖွေသည် ။ စဉ်းစားစရာက သည် လောက်ပဲရှိသည် ။

သို့တိုင် . . .

လူသား တွေးခေါ်ခြင်းထက် ပို၍ အရေးကြီးသောအရာ လူ့ လော က မှာ မရှိပါ။ သင့်အနာဂတ်ဘဝ အဆင့်အတန်းသည် သင့်တွေးခေါ်ခြင်းအပေါ် တည်မှီနေ၏။ လူသားမျိုးနွယ်၏ အနာဂတ်ဘဝ အနေအထားသည် စဉ်းစား တွေးခေါ်ခြင်းအပေါ် တည်မှီနေ၏။ တခြား ဘယ်အရာပေါ် တည်မှီ အားထားလို့ ရနိုင်ပါမည်လဲ။

ကျွန်တော်တို့ သည် တွေးခေါ်ခြင်းကို အလေးမထား၊

ပစ်ပယ်ကောင်း ပစ်ပယ်ထားခဲ့ကြတာ ဖြစ်မည်။ တွေးခေါ်ခြင်းဆိုတာ သူ့ဘာသာသူ ဖြစ်လာတာပါဟု လွယ်လွယ် မှတ်ယူခဲ့ကြတာ ဖြစ်ကောင်း ဖြစ်မည်။ တွေးခေါ်ခြင်းနှင့် ပတ်သက်၍ နောက်ထပ် အရေးယူ ဆောင်ရွက်စရာ ဘာမျှ မရှိတော့ဟု ယုံကြည်ခဲ့၊ ယုံကြည်ဆဲ ဖြစ်နေတာ ဖြစ်ကောင်းဖြစ်နိုင်သည် ။ ကျွန်တော်တို့ တွင် အကောင်းဆုံး၊ အပြည့်စုံဆုံး၊ စဉ်းစားတွေးခေါ်မှု စနစ်တစ်ရပ် ရှိပြီးဖြစ်သည် ။ ထို့ကြောင့် နောက်ထပ် ပြင်ဆင် ဖြည့်စွက်စရာ လုံးဝ မလိုတော့ဟု ယူဆကောင်း ယူဆထားကြတာ ဖြစ်မည်။

ကျွန်တော်သဘော မတူတာက သည် နေရာမှာ ဖြစ်၏။ ကျွန်တော်တို့ တွင် အကောင်းဆုံးတွေးခေါ်မှု စနစ်တစ်ရပ်ရှိ၏။ သို့သော် ၎င်းစနစ်သည် ပြည့်စုံလုံလောက်မှု မရှိပါ။ ကျွန်တော်တို့ ၏ တွေးခေါ်မှု စနစ်သည် စံပြအဖြေများ ဖော်ဆောင်ပေးသည့် စံပြ အနေအထားများကို အသိအမှတ် ပြုကြသည် ။ ရှေ့ခရီး သို့မဟုတ် အနာဂတ်ဘဝကို ပုံဖော်ရာတွင် လိုအပ်သော တီထွင်တွေးကိုမှု ဘယ်တုန်းကမျှ ဖွံ့ဖြိုး တိုးတက်အောင် အားမထုတ်ခဲ့ကြချေ။ ကျွန်တော်တို့ ၏ တွေးခေါ်မှုစနစ်သည် နည်းပညာအတွက် အကောင်းဆုံး အသုံးအတည့်ဆုံး ဖြစ်၏။ သို့သော် လူသား အရေးကိစ္စများ အတွက်မူ လုံးဝ သုံးမရသလောက်နီးပါး ဖြစ်၏။

'ကျွန်ုပ် စဉ်းစားတွေးခေါ်သည် ။ ထို့ကြောင့် ကျွန်ုပ်ရှိသည် ' ဟု ကမ္ဘာကျော် ပြင်သစ် တွေးခေါ်ရှင်ကြီး Deseartes က မိန့်ဆိုခဲ့၏။

'ကျွန်ုပ် ဆောင်ရွက်သည် ၊ ထို့ကြောင့် ကျွန်ုပ် တည်ဆောက်သည် 'ဟု ကမ္ဘာကျော်သော မော်လ်တာ နိုင်ငံသား တွေးခေါ်ရှင် ဒီဘိုးနိုး (De Bono) က ပြောဆိုခဲ့၏။

တွေးခေါ်ခြင်းသည် အတွေးအခေါ်များ ၊ သို့မဟုတ် လောကအမြင်များ ၊ သို့မဟုတ် ဒဿနများ နှင့် ပိုင်းခြားစိတ်ဖြာလေ့လာချက်များ မျှသာမဟုတ်။ တွေးခေါ်ခြင်းသည် အကြောင်းကိစ္စများ ဖြစ်ပေါ်လာအောင် လုပ်ဆောင်ခြင်းနှင့် ဆိုင်၏။ အကြောင်းကိစ္စတွေ တိုးတက် ဖြစ်ထွန်းလာအောင် ပြုလုပ်ခြင်းနှင့် ဆိုင်၏။

တွေးခေါ်ခြင်းကို ကျွန်တော်တို့ လျစ်လျူရှုထားခဲ့သည် မှာ လွန်လွန်းသည် ။ ဘယ်လောက်ထိ လွန်သလဲဆို ကျွန်တော်သိသလောက် ပြောရလျှင် တွေးခေါ်ခြင်းကို ကျွမ်းကျင်မှု တစ်ရပ်အဖြစ် အသိအမှတ်ပြု သင်ကြားပေးသည့် တက္ကသိုလ်ဟူ၍ ကမ္ဘာပေါ်တွင် တစ်ခုမျှ မရှိသလို၊ တွေးခေါ်မှု ပါမောက္ခဟူ၍ လည်း တစ်ယောက်မျှ မရှိပါချေ။ ထိုအကြောင်းကြောင့်ပင် ဤစာအုပ်ကို ရေးသားပြုစုခဲ့ခြင်း ဖြစ်၏။ ထို့နောက်ပိုင်းတွင် မူ အာဖရိကတွင် အကြီးဆုံး တက္ကသိုလ်ဖြစ်သည့် ပရီတိုးရီးယား တက္ကသိုလ်တွင် ကျွန်တော့်အား တွေးခေါ်မှုပါမောက္ခအဖြစ် ခန့်အပ်ခဲ့ကြ၏။ ၂၀၀၅ ခုနှစ်တွင် အရီဇိုးနား အဆင့်မြင့် နည်းပညာ တက္ကသိုလ်တွင် ကျွန်တော့်အား ဒါဗင်ချီတွေးခေါ်မှု ပါမောက္ခအဖြစ် ခန့်အပ်သည် ။ ဒဗ္ဗလင်မြို့တော် တက္ကသိုလ်ကမူ အပြုသဘောဆောင် တွေးခေါ်မှု ပါမောက္ခအဖြစ် နေရာပေးခဲ့ကြ၏။

**ရိုဒင်** (Rodin)သည် သူ၏ ကမ္ဘာကျော် **တွေးခေါ်ရှင်** ရုပ်တုကို ထုလုပ်ခြင်းဖြင့် တွေးခေါ်မှု ဘာသာရပ်ကို ကြီးစွာ အကျိုးမဲ့အောင် ပြုလုပ်ခဲ့၏။ ရိုဒင် ထုလုပ်ခဲ့သည့် တွေးခေါ်ရှင်ရုပ်တု၏ အ သွ င် သ ဏ္ဍာ ၁ န် မှာ တည်ကြည်ခန့်ညားလှ၏။ လေးနက်လှ၏။ ပင်ပန်းတကြီး ရှိလှ၏။ သို့ပေမဲ့ တွေးခေါ်ခြင်းသည် ပျော်စရာ

ကောင်း၏။ မြူးကြွစရာ ကောင်း၏။ ကျောင်းတက်နေသည့် လေးနှစ်သားအရွယ် ကျောင်းသားငယ် ကလေးများ သည် ဒဿနိက ပညာရှင်များ နှင့် ဒုံးပျံတည်ဆောက်ရေး သိပ္ပံပညာရှင်များကဲ့သို့ပင် တွေးခေါ်ခြင်း အရသာကို ခံစားလို့ ရ၏။ တွေးခေါ်လို့ ရ၏။

ဤစာအုပ်ကို ဖတ်ရာ၌ သင် စွဲကိုင် ထားသင့်သည့် **သဘောထား** တစ်ရပ်တော့ ရှိပါသည် ။

**သူပြောတာ မှန်များ မှန်နေမလား** ဟူ၍ ။

ဂယက်ရိုက်မှုတွေက ကြီးမားပါလိမ့်မည်။ ဤစာအုပ်တွင် နည်းသစ်တချို့ကို အကြံပြု တင်ပြထား၏။ ဤနည်းများကို နှစ်ပေါင်းများ စွာ ကျင့်သုံးလာသည့် အတွေ့အကြုံကြောင့် ဤ နည်းသစ်များ သည် လက်တွေ့ အသုံးတည့်ကြောင်းနှင့် တည်ဆဲ တွေးခေါ်မှု အလေ့အထများ ထက် သာလွန်ကောင်းမွန်ကြောင်း သိမြင်ရသည် ။ ဒါက အရေးမကြီးပါ။ ဤနည်းစနစ်များ သည် အဦးအစပဲ ရှိသေးသည် ။ နောက်ထပ် တိုးချဲ့စရာ တည်ဆောက်စရာတွေ အများကြီးရှိသေးသည် ။

ကြီးမားသော အပြောင်းအလဲမှာ ကမ္ဘာ့သမိုင်းကြောင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် တွေးခေါ်မှု နည်းစနစ်များကို ဦးနှောက်အလုပ်လုပ်ပုံပေါ် အခြေပြုထားခြင်း ဖြစ်၏။ ဤနည်းစနစ်သစ်များ သည် စကားလုံး ကြီးကြီးကျယ်ကျယ်တွေ သုံးပြီး စကားလုံးများ ဖြင့် ပစ်ပေါက်ဆော့ကစားသည့် နည်းစနစ်များ နှင့်မတူ၊ ခြားနားပါသည် ။

လူ့အဖွဲ့အစည်းထဲရှိ စွမ်းရည်ထူးများ ၏ သုံးပုံနှစ်ပုံကို စာသင်ကျောင်းများက အလဟဿဖြစ်အောင် ဖြုန်းတီးပစ်ပြီး

ကျန်တစ်ပုံကို တက္ကသိုလ်များက မြုပ်အောင် လုပ်ပစ်လိုက်သည် ။

ပညာရေး၏ သိသာထင်ရှားသော ဦးတည်ချက်မှာ သူတို့ သည် အမှန်တကယ် မိုက်မဲကြောင်း ယုံကြည်လက်ခံလာအောင် စာသင်သား သုံးပုံနှစ်ပုံအား အယုံသွင်းဖို့ ဖြစ်လာသည် ။

ကျောင်းပြိုင်ပွဲတွင် မထူးချွန်သော လူငယ်လူရွယ်များ သည် သူတို့ ကိုယ်သူတို့ ငတုံးတွေဟု ယူမှတ်ပြီး ကျောင်းထွက်လာကြ၏။ သို့ဖြစ်သည့်တိုင် သူတို့ သည် ငတုံးများ လုံးဝ မဟုတ်ကြပါ။ အခွင့်အရေး ရမည်ဆိုလျှင် သူတို့ သည် အလွန်တော်သော တွေးခေါ်ရှင်များ ဖြစ်လာနိုင်၏။ အလုပ်လက်မဲ့ လူငယ် လူရွယ်များအား ငါးနာရီ ကြာမျှ တွေးခေါ်နည်းများ သင်ကြားပေးရုံဖြင့် အလုပ်ရသည့် ဦးရေ ငါးဆ တက်လာကြောင်း တွေ့ရ၏။

တက္ကသိုလ်များ သည် သမိုင်း၊ ပညာသင်စရိတ်၊ စိတ်ဖြာစိစစ်ခြင်းတို့ ကို အစွဲအလမ်းကြီးနေကြသည် ။ ဤအရာများ တွင် သူ့ တန်ဖိုးနှင့်သူ ရှိသည် ။ သူ့နေရာနှင့်သူ ရှိ၏။ သို့သော် အပြုသဘောဆောင် တွေးခေါ်မှု တီထွင် ဆန်းသစ်တွေးခေါ်မှုနှင့် ပုံဖော်တွေးခေါ်မှုတို့ ကိုလည်း တန်းတူရည်တူ အလေးထားသင့်ပါသည် ။ အသိပညာသည် ပြည့်စုံ လုံလောက်ခြင်း မရှိပါ။ တန်ဖိုး ဖြစ်ပေါ်ရေးအတွက် ကွဲပြားခြားနားသော တွေးခေါ်မှု တစ်ရပ် လိုအပ်၏။

သည် တော့ . . .

ဤစာအုပ်ကို ဖတ်ရာ၌ ခုခံကာကွယ်သည့် သဘောထား၊ ရန်ဘက်အား အပြစ်တင် ဝေဖန်သည့် သဘောထားမျိုး စွဲပိုက်ပြီး မဖတ်ပါနှင့်။ ဤစာအုပ်မှ တစ်စုံတစ်ခု ရအောင်ယူဖို့ အားထုတ်မည် ဆိုသည့် သဘောထားမျိုး စွဲပိုက်ပြီး ဖတ်ပါရန် ဖိတ်ခေါ်ပါရစေ။

တွေးခေါ်မှုကို ပိုမိုထက်မြက် စွမ်းအားကြီးလာအောင် ဖော်ဆောင်လို့ ရကြောင်း သိမြင်နေပြီဖြစ်သည့် အမှုဆောင် အရာရှိတွေ၊ ကျောင်းသားကလေးတွေ ကမ္ဘာပေါ်တွင် ထောင်ပေါင်းများ စွာ ရှိနေပါပြီ။

တွေးခေါ်မှုကို လေးလေးနက်နက် အာရုံစိုက်ဖို့ အချိန်တန်နေပါပြီ။ ကျွန်တော်တို့ ၏ တည်ဆဲ တွေးခေါ်မှု အလေ့အထများ ဖြင့် ကျေနပ်ရောင့်ရဲနေခြင်းသည် ဘောင်ကျဉ်း၊ အမြင်ကျဉ်း နေစေသည် သာမက အလွန့်အလွန် အန္တရာယ် ကြီး လာပြီ ဖြစ်ပါသည် ။

**အက်ဒဝပ် ဒီဘိုးနိုး**

*****